ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရာထူးဝန်အဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၃၀ /၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဆင့်မအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃ နည်းဥပဒေခွဲ (ဆ) နည်းဥပဒေခွဲငယ် (၅) ၏ နောက်တွင် နည်းဥပဒေခွဲငယ် (၆) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၆) ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသည့်ကာလ။"

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၆ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်တွင်းတွင် သို့မဟုတ် ပြည်ပသို့တာဝန်ဖြင့်လည်းကောင်း၊ ပညာသင်အဖြစ်လည်းကောင်း သွားရောက်နေသည့်ကာလအတွင်း ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရပါက တိုးမြှင့်ခန့်ထားသည့်နေ့ရက်မှစ၍ ယင်းရာထူးလစာကို ခံစားခွင့်ရှိသည်။"

၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၁) နှင့်နည်းဥပဒေ ၂၁၇ တို့တွင်ပါရှိသော "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၅။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီးသူများ အနက်မှ အဆိုပါသင်တန်းတွင် စံပြထူးချွန်ဆုရရှိခဲ့သူတို့ကို ဦးစားပေးစဉ်းစားခြင်းနှင့် သာမန်အောက်ရရှိသူတို့ကို တန်းစီဇယား၏နောက်ဆုံး၌ထားရှိခြင်း။"

CamScanner

၆။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃၅ အထက်ရှိခေါင်းစဉ်ခွဲကို အောက်ပါအတိုင်း အစားထိုးရမည်-

**"လက်ထောက်ညွှန်ကြားရေးမှူးနှင့်လစာနှုန်းတူ ရာထူးအဆင့်၊ ယင်းအောက်ဝန်ထမ်းများအား အရည်အချင်းစစ်ဆေးအကဲဖြတ်ခြင်း"**

၇။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)လူတွေ့စစ်ဆေးခြင်းကို နည်းဥပဒေ ၂၉ နည်းဥပဒေခွဲ (က) ပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် စစ်ဆေးခြင်းအတွက် အမှတ်ပြည့် ၁၀၀၊ အကဲဖြတ်အမှတ်ပေးခြင်းအတွက် အမှတ်ပြည့် ၁၀၀ ပေးထားသည့်အနက် အနည်းဆုံးအမှတ် ၄၀ စီရရှိသူများအား ပြုလုပ်ရမည်။"

၈။ (က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄၆ အထက်ရှိခေါင်းစဉ်ခွဲကို အောက်ပါအတိုင်း အစားထိုးရမည်-

**"ဒုတိယညွှန်ကြားရေးမှူးနှင့် လစာနှုန်းတူရာထူးအဆင့်မှ ညွှန်ကြားရေးမှူးနှင့်လစာနှုန်းတူ ရာထူးအဆင့်သို့ ယင်းမှဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လစာနှုန်းတူရာထူးအဆင့်သို့ ရာထူးတိုးမြှင့်ရေးကိစ္စများ"**

(ခ) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄၆ နည်းဥပဒေခွဲ(ဂ)(ဃ) နှင့်(င)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ဒုတိယညွှန်ကြားရေးမှူးနှင့် လစာနှုန်းတူရာထူးအဆင့်မှ ညွှန်ကြားရေးမှူးနှင့် လစာနှုန်းတူရာထူးအဆင့်သို့ ရာထူးတိုးမြှင့်ရန်အကဲဖြတ်ခြင်းကို သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် လစာနှုန်းတူ ရာထူး အဆင့်အရာရှိက ပုံစံ (၁၉) ပါအတိုင်း ကနဦးမှတ်တမ်းရေး၍ ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးကထပ်ဆင့်မှတ်တမ်းရေးပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူးကအပြီးသတ်မှတ်တမ်းရေး၍အတည်ပြုလက်မှတ်ရေးထိုးရမည်။

(ဃ) ဖွဲ့စည်းပုံအရ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် နှင့်လစာနှုန်းတူရာထူးအဆင့်အရာရှိ မရှိပါက စီမံခန့်ခွဲရေးဌာနကို တာဝန်ယူ ရသော ညွှန်ကြားရေးမှူးနှင့် လစာနှုန်းတူရာထူးအဆင့် အရာရှိက ဦးဆောင်၍ အခြားရာထူးအဆင့်တူအရာရှိများပါဝင်သော အဖွဲ့က ပုံစံ (၁၉) ပါအတိုင်း ကနဦးအကဲဖြတ်မှတ်တမ်းရေးပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ထပ်ဆင့်မှတ်တမ်းရေးရမည်။

(င) ညွှန်ကြားရေးမှူးနှင့် လစာနှုန်းတူရာထူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်လစာနှုန်းတူရာထူးအဆင့်ထိ ရာထူးတိုးမြှင့်ရန် အကဲဖြတ်ခြင်းကို ပုံစံ (၁၉) ပါအတိုင်း ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ကနဦးမှတ်တမ်းရေး၍ ယင်း၏ အထက်အဆင့်အကြီးအမှူးက ထပ်ဆင့်မှတ်တမ်းရေးပြီး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက အပြီးသတ်မှတ်တမ်းရေး၍ အတည်ပြုလက်မှတ်ရေးထိုးရမည်။"

၉။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၈။ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး၊ စွမ်းဆောင်ရည်များသည် နိုင်ငံတော်အကျိုး၊ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့ပြီး အခြားဝန်ထမ်းများထက် ထူးကဲသာလွန်၍ စိတ်ချယုံကြည်စွာ တာဝန်လွှဲအပ်ဆောင်ရွက်နိုင်စွမ်းရှိသည့် ဝန်ထမ်းအားချီးမြှင့်လိုပါက အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ခိုင်လုံသောအထောက်အထားဖြင့် ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။ သို့ရာတွင် ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည့် ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးဖြစ်ပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ ဆောင်ရွက်ရမည်။"

၁၀။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၅၅ နည်းဥပဒေခွဲ (ဂ)ပါ "ပြည်ပသို့" ဆိုသည့်စကားရပ်ကို "ပြည်တွင်းတွင် သို့မဟုတ် ပြည်ပသို့" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၇၆ နည်းဥပဒေခွဲ (ခ)တွင် ပါရှိသော "စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန"၊ နည်းဥပဒေ ၁၅၂ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေ ၁၅၃ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၃) တို့တွင်ပါရှိသော "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"၊ နည်းဥပဒေ ၂၄၆ နည်းဥပဒေခွဲ (ဂ) တွင်ပါရှိသော"ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်တို့ကို "ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၈၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈၄။ ရွေးချယ်စုံစမ်းမှုပြုလုပ်ရန် လိုအပ်ပါက အရေးယူခံရသည့်ဝန်ထမ်း၏အဆင့်ကို လိုက်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ရွေးချယ်စုံစမ်းရေးအဖွဲ့ကို ပုံစံ (၃) ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။ရွေးချယ်စုံစမ်းရေးအဖွဲ့ကို လိုအပ်သလို လွယ်ကူလျင်မြန်စွာ ဖွဲ့စည်း

နိုင်ရေးအတွက် ရွေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းနိုင်သည့် လုပ်ပိုင်ခွင့်ကို ဝန်ထမ်းအဖွဲ့အစည်းအလိုက် ဝန်ထမ်းအဆင့်ပေါ်မူတည်၍ ခွဲဝေအပ်နှင်းထားနိုင်သည်။ ရွေးဦးစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းရာ၌-"

၁၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၉၁ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉၁။ ရွေးဦးစုံစမ်းရန် တာဝန်ပေးအပ်သည့် အကြီးအမှူးသည် ရွေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်လေ့လာသုံးသပ်ရေးအတွက် ပုံစံ (၂၁) ဖြင့် အဖွဲ့ဝင် သုံးဦးပါဝင်သော အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးနောက် အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်း၍-"

၁၄။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၉၄ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာရန်လိုအပ်သည့်အခါ အရေးယူခံရသည့် ဝန်ထမ်း၏အဆင့်ကိုလိုက်၍ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ကို ပုံစံ (၆)ပါအတိုင်း ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။"

၁၅။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၀၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀၄။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရန် ပုံစံ (၂၂) ဖြင့် အဖွဲ့ဝင်သုံးဦး ပါဝင်သော အဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။ ထိုအဖွဲ့တွင် ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ရန် တာဝန်ပေးအပ်သည့်အကြီးအမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အဖွဲ့သည် အစီရင်ခံစာကို စိစစ်သုံးသပ်ပြီးနောက် -"

၁၆။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၀ နည်းဥပဒေခွဲ (ဧ) နည်းဥပဒေခွဲငယ် (၂) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(၂) ရာထူးမှထုတ်ပယ်ခြင်းခံရသူအား နောင်တွင်ဝန်ထမ်းအဖြစ်ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ပြန်လည်ခန့်ထားခွင့်ရှိသည်။ သို့ရာတွင် ဝန်ထမ်းအား ရာထူးမှထုတ်ပယ်ခဲ့သည့် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း၏ သဘောထားရယူ၍ ခန့်ထားရမည်။ ထိုသို့ခန့်ထားရာတွင် တစ်ကြိမ်ထက်ပို၍ ခန့်ထားခြင်း မပြုရ။"

၁၇။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁၆။ ဝန်ထမ်းအဖွဲ့အစည်းများသည်ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း ခံရသူများ၏အမည်စာရင်းကို သတ်မှတ်ထားသည့် ဇယား(၄) ပါအတိုင်း ရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနသို့ပေးပို့ပြီး မိတ္တူကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ရန်နှင့် စာရင်းပါဝန်ထမ်းတစ်ဦးက အယူခံဝင်ရောက်သဖြင့် ပြစ်ဒဏ်ကို ပြင်ဆင်ပယ်ဖျက်ရာတွင်လည်း စာရင်းပေးပို့ခဲ့သည့် အမှာစာကို ရည်ညွှန်း၍ ဝန်ထမ်းရေးရာဦးစီးဌာနသို့ပေးပို့ပြီးမိတ္တူကိုပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ရမည်။ ယင်းစာရင်းများကို ရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနက နှစ်အလိုက် ပြုစုထိန်းသိမ်း၍ နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံတင်ပြရမည်။"

၁၈။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၂၃ နည်းဥပဒေခွဲ (က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) အယူခံအဖွဲ့ကိုပုံစံ(၂၃) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍-"

၁၉။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၇၂ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇၂။ သက်ပြည့်အငြိမ်းစားဝန်ထမ်းတစ်ဦး၏ တတ်ကျွမ်းမှုပညာကိုရယူရန် လိုအပ်သဖြင့် ကျွမ်းကျင်သူအဖြစ်စာချုပ်ချုပ်ဆို၍ ခန့်အပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းသည် -"

၂၀။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုံစံ (၁) နှင့်စပ်လျဉ်း၍ အမှတ်စဉ် ၂၉ ၏နောက်တွင် အမှတ်စဉ် ၃၀ နှင့် ၃၁ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(က) "၃၀။ ချီးမြှင့်ခံရသည့် ဘွဲ့ထူး၊ ဂုဏ်ထူး တံဆိပ်လက်မှတ်များ-

| စဉ် | ချီးမြှင့်ခံရသည့် ကာလ | ချီးမြှင့်သည့်ဘွဲ့/ တံဆိပ်အမျိုးအစား | ဆုတံဆိပ်အမှတ် အမိန့်စာနှင့် ရရှိသည့်ရက်စွဲ |
|---|---|---|---|
| | | | |
| | | | |

၃၁။ တက်ရောက်ခဲ့သည့်သင်တန်းများ -"

| စဉ် | ကာလ | | သင်တန်း အကြောင်းအရာ | တည်နေရာ | အဆင့် |
|---|---|---|---|---|---|
| | နေ့ရက်မှ | နေ့ရက်အထိ | | | |
| | | | | | |
| | | | | | |

CamScanner

(ခ) မူလအမှတ်စဉ် ၃၀ မှ အမှတ်စဉ် ၄၀ ထိကို အမှတ်စဉ် ၃၂ မှ အမှတ်စဉ် ၄၂ ထိအဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ပုံစံ (၂) နှင့်စပ်လျဉ်း၍ –

(က) အမှတ်စဉ် ၅ ၏ နောက်တွင် အမှတ်စဉ် ၆ အဖြစ် " အဘအလုပ်အကိုင်၊ အမိအလုပ်အကိုင်" ဆိုသည့်စကားရပ်ကိုလည်းကောင်း၊ အမှတ်စဉ် ၇ အဖြစ် "ဇနီး/ခင်ပွန်းအမည်နှင့်အလုပ်အကိုင်" ဆိုသည့်စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ရမည်။

(ခ) မူလအမှတ်စဉ် ၆ မှ အမှတ်စဉ် ၁၉ ထိကို အမှတ်စဉ် ၈ မှ အမှတ်စဉ် ၂၁ ထိအဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

(ဂ) ပြန်လည်အမှတ်စဉ်ထားသော အမှတ်စဉ် ၁၅ နှင့် အမှတ်စဉ် ၁၈ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။တက်ရောက်ခဲ့သည့်သင်တန်းများ –

| ကာလ | | သင်တန်း အကြောင်းအရာ | တည်နေရာ | အဆင့် |
|---|---|---|---|---|
| နေ့ရက်မှ | နေ့ရက်အထိ | | | |
| | | | | |
| | | | | |

၁၈။ ချီးမြှင့်ခံရသည့်ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်လက်မှတ်များ-"

| ချီးမြှင့်ခံရသည့် ကာလ | ချီးမြှင့်သည့်ဘွဲ့/ တံဆိပ်အမျိုးအစား | ဆုတံဆိပ်အမှတ် အမိန့်စာနှင့် ရရှိသည့်ရက်စွဲ |
|---|---|---|
| | | |
| | | |

၂၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများဇယား(၁)ပါ"လစာနှုန်း"ဆိုသည့်စာတိုင်ကို"လက်ရှိလစာနှုန်း" ဆိုသည့်စာတိုင်အဖြစ် အစားထိုးရမည်။

၂၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ဇယား (၄) စာတိုင် (ခ) ပါ "မှတ်ပုံတင်အမှတ်" ဆိုသည့် စကားရပ်ကို "နိုင်ငံသားစိစစ်ရေးကတ်အမှတ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ယင်းဇယား အောက်တွင်ပါရှိသော "မှတ်ချက်" ဆိုသည့် ဖော်ပြချက်ကို ပယ်ဖျက်ရမည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

စာအမှတ်၊ ၅၃၉ /ရအဖ / ၁ / ၂၀၂၆
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၆ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

<u>ပြည်ထောင်စုရာထူးဝန်အဖွဲ့</u>
- ဝန်ထမ်းရေးရာဦးစီးဌာန
- ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

"မိတ္တူမှန်"

(ခင်သီတာ)
ဒုတိယညွှန်ကြားရေးမှူး

CamScanner

- နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)
- နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းဖော်ပြပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးလက်ခံ

မျှောစာတွဲ

# ကိုယ်ရေးမှတ်တမ်း

[နည်းဥပဒေ ၂၄ (ခ)]

၁။ အမည် -

၂။ ငယ်အမည် -

၃။ အခြားအမည် -

၄။ အသက် ( မွေးသက္ကရာဇ် ) -

၅။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ -

၆။ အရပ်အမြင့် -

၇။ ဆံပင်အရောင် -

၈။ မျက်စိအရောင် -

၉။ ထင်ရှားသည့်အမှတ်အသား -

၁၀။ အသားအရောင် -

၁၁။ ကိုယ်အလေးချိန် -

၁၂။ မွေးဖွားရာဇာတိ -

၁၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

၁၄။ ယခုနေရပ်လိပ်စာအပြည့်အစုံ -

၁၅။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ -

၁၆။ ယခင်နေခဲ့ဖူးသောဒေသနှင့်နေရပ်လိပ်စာများ -
အပြည့်အစုံ(တပ်မတော်သားဖြစ်က တပ်လိပ်စာ ဖော်ပြရန် မလိုပါ)

၁၇။ တပ်မတော်သို့ဝင်ခဲ့ဖူးလျှင်/တပ်မတော်သား -
ဖြစ်လျှင်

(က) ကိုယ်ပိုင်အမှတ် -

(ခ) တပ်သို့ဝင်သည့်နေ့ -

(ဂ) ဗိုလ်လောင်းသင်တန်းအမှတ်စဉ် -

(ဃ) ပြန်တမ်းဝင်ဖြစ်သည့်နေ့ -

(င) တပ်ထွက်သည့်နေ့ -

(စ) ထွက်သည့်အကြောင်း -

(ဆ) အမှုထမ်းဆောင်ခဲ့သောတပ်များ -

(ဇ) တပ်တွင်းရာဇဝင်အကျဉ်း/ ပြစ်မှု -

(ဈ) အငြိမ်းစားလစာ -

CamScanner

၁၈။ ပညာအရည်အချင်း -

၁၉။ အဘအမည်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ဇာတိနှင့်အလုပ်အကိုင် -

၂၀။ ၎င်း၏နေရပ်လိပ်စာအပြည့်အစုံ -

၂၁။ အမိအမည်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ဇာတိနှင့်အလုပ်အကိုင် -

၂၂။ ၎င်း၏နေရပ်လိပ်စာအပြည့်အစုံ -

၂၃။ ကာယကံရှင်မွေးဖွားချိန်၌ မိဘနှစ်ပါးသည် နိုင်ငံသားဟုတ် / မဟုတ် -

၂၄။ လက်ရှိအလုပ်အကိုင်နှင့်အဆင့် -

၂၅။ လက်ရှိရာထူးရသည့်နေ့ -

၂၆။ လက်ရှိအလုပ်အကိုင်ရလာပုံ -

၂၇။ ပြိုင်အရွေးခံ ( သို့ ) တိုက်ရိုက်ခန့် -

၂၈။ လစာဝင်ငွေ -

၂၉။ ဌာန၊ နေရာ -

၃၀။ ချီးမြှင့်ခံရသည့် ဘွဲ့ထူး၊ ဂုဏ်ထူး တံဆိပ်လက်မှတ်များ -

| စဉ် | ချီးမြှင့်ခံရသည့်ကာလ | ချီးမြှင့်သည့်ဘွဲ့/တံဆိပ်အမျိုးအစား | ဆုတံဆိပ်အမှတ်အမိန့်စာနှင့်ရရှိသည့်ရက်စွဲ |
|---|---|---|---|
| | | | |
| | | | |

၃၁။ တက်ရောက်ခဲ့သည့် သင်တန်းများ -

| စဉ် | ကာလ | | သင်တန်းအကြောင်းအရာ | တည်နေရာ | အဆင့် |
|---|---|---|---|---|---|
| | နေ့ရက်မှ | နေ့ရက်အထိ | | | |
| | | | | | |
| | | | | | |

CamScanner

၃၂။ အလုပ်အကိုင်အတွက် ထောက်ခံသူများ -

၃၃။ ယခင်လုပ်ကိုင်ဖူးသည့်အလုပ်အကိုင် -

| စဉ် | အဆင့် | တပ် / ဌာန | နေရာ |
|---|---|---|---|
| | | | |
| | | | |

၃၄။ ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၃၅။ အဘ၏ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၃၆။ အမိ၏ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၃၇။ ခင်ပွန်း / ဇနီးသည်

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

CamScanner

၃၈။ သားသမီးများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၃၉။ ခင်ပွန်း / ဇနီးသည်၏ ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၄၀။ ခင်ပွန်း / ဇနီးသည် အဘနှင့်ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၄၁။ ခင်ပွန်း / ဇနီးသည်အမိနှင့်ညီအစ်ကိုမောင်နှမများ

| စဉ် | အမည် | လူမျိုး / ဘာသာ | ဇာတိ | အလုပ်အကိုင် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |

၄၂။ မိမိနှင့်မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းတို့၏ မိဘ၊ -
ညီအစ်ကိုမောင်နှမများ၊ သားသမီးများသည်
နိုင်ငံရေးပါတီများတွင် ဝင်ရောက်ဆောင်ရွက်မှု
ရှိ မရှိ ( ရှိကအသေးစိတ်ဖော်ပြရန် )

## ငယ်စဉ်မှ ယခုအချိန်ထိကိုယ်ရေးရာဇဝင်

၁။ နေခဲ့ဖူးသောကျောင်းများ -
( ခုနှစ်၊ သက္ကရာဇ်ဖော်ပြရန်)

၂။ နောက်ဆုံးအောင်မြင်ခဲ့သည့်ကျောင်း/ -
အတန်း၊ ခုံအမှတ်၊ ဘာသာရပ်အတိအကျ
ဖော်ပြရန်

၃။ ကျောင်းသားဘဝတွင် နိုင်ငံရေး / မြို့ရေး / -
ရွာရေးဆောင်ရွက်မှုများနှင့်အဆင့်အတန်း၊
တာဝန်

၄။ ဝါသနာပါပြီး၊ လေ့လာလိုက်စားခဲ့သော -
ကျန်းမာရေးကစားခုန်စားမှုများ၊ အနုပညာ
ဆိုင်ရာအတီးအမှုတ်များ၊ ပညာရေး၊စက်မှု
လက်မှု

၅။ လုပ်ကိုင်ခဲ့သော အလုပ်အကိုင်များနှင့်ဌာန/ -
မြို့နယ်

၆။ တောခိုခဲ့ဖူးလျှင်(သို့)သောင်းကျန်းသူများ -
ကြီးစိုးသော နယ်မြေတွင်နေခဲ့ဖူးလျှင်
လုပ်ကိုင်ဆောင်ရွက်ချက်များကို ဖော်ပြပါ

၇။ အလုပ်အကိုင်ပြောင်းရွှေ့ခဲ့သော အကြောင်း -
အကျိုးနှင့်လစာ

၈။ အမှုထမ်းနေစဉ် ( သို့ ) ကိုယ်ပိုင်အလုပ် -
အကိုင်ဆောင်ရွက်နေစဉ် နိုင်ငံရေး၊ မြို့ /
ရွာရေးဆောင်ရွက်မှုများ၊ ဆောင်ရွက်နေစဉ်
အဆင့်အတန်းနှင့်တာဝန်

၉။ စစ်ဘက် / နယ်ဘက် / ရဲဘက်နှင့် နိုင်ငံရေး -
ဘက်တွင် ခင်မင်ရင်းနှီးသော မိတ်ဆွေများရှိ မရှိ

CamScanner

၁၀။ နိုင်ငံခြားသို့ သွားရောက်ခဲ့ဖူးလျှင်

| စဉ် | သွားရောက်ခဲ့သည့် နိုင်ငံ | သွားရောက်ခဲ့သည့် အကြောင်း | တွေ့ဆုံခဲ့သည့် ကုမ္ပဏီ / လူပုဂ္ဂိုလ်ဌာန | သွား/ ပြန်သည့် နေ့ |
|---|---|---|---|---|
| | | | | |

၁၁။ မိမိနှင့်ခင်မင်ရင်းနှီးသောနိုင်ငံခြားသားရှိ မရှိ၊ ရှိကမည်သည့်အလုပ်အကိုင်၊ လူမျိုး၊ တိုင်းပြည်၊ မည်ကဲ့သို့ရင်းနှီးသည် -

၁၂။ မိမိအားထောက်ခံသည့်ပုဂ္ဂိုလ် (စစ်ဘက်/နယ်ဘက်အရာရှိ၊မြို့နယ်/ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး) -

၁၃။ ရာဇဝတ်ပြစ်မှုခံရခြင်း ရှိ /မရှိ -

အထက်ပါဇယားကွက်များအတွင်း ဖြည့်စွက်ရေးသွင်းထားသော အကြောင်းအရာများအား မှန်ကန်ကြောင်း တာဝန်ခံလက်မှတ်ရေးထိုးပါသည်။

လက်မှတ် ၊
ကိုယ်ပိုင်အမှတ်(သို့မဟုတ်) ၊
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
အဆင့်၊ရာထူး ၊
အမည် ၊
တပ် / ဌာန ၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

# ကိုယ်ရေးမှတ်တမ်း

[ နည်းဥပဒေ ၃၅ (ဓ) (၄)၊ ၄၇ (စ) (၄) ]

ဓါတ်ပုံ

| | | |
|---|---|---|
| ၁။ | အမည် | - |
| ၂။ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - |
| ၃။ | လူမျိုး/ဘာသာ | - |
| ၄။ | မွေးဖွားရာအရပ် | - |
| ၅။ | အဘအမည် | - |
| | အမိအမည် | |
| ၆။ | အဘအလုပ်အကိုင် | - |
| | အမိအလုပ်အကိုင် | |
| ၇။ | ဇနီး/ခင်ပွန်းအမည်နှင့် အလုပ်အကိုင် | - |
| ၈။ | မွေးဖွားသည့်ရက်၊လ၊ခုနှစ် | - |
| ၉။ | ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား | - |
| ၁၀။ | လက်ရှိရာထူး | - |
| ၁၁။ | လက်ရှိနေရပ်လိပ်စာ | - |
| ၁၂။ | အမြဲတန်းနေရပ်လိပ်စာ | - |
| ၁၃။ | ပညာအရည်အချင်း | - |
| ၁၄။ | တတ်မြောက်သည့်အခြားဘာသာစကားနှင့် တတ်ကျွမ်းသည့်အဆင့် | - |

CamScanner

၁၅။ တက်ရောက်ခဲ့သည့်သင်တန်းများ -

| ကာလ | | သင်တန်းအကြောင်းအရာ | တည်နေရာ | အဆင့် |
|---|---|---|---|---|
| နေ့ရက်မှ | နေ့ရက်အထိ | | | |
| | | | | |
| | | | | |

၁၆။ ထမ်းဆောင်ခဲ့သောတာဝန်များ

| တာဝန် | ရုံး/ဌာန/အဖွဲ့အစည်း | နေ့ရက်မှ | နေ့ရက်အထိ | မှတ်ချက် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

၁၇။ ပါဝင်ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ခဲ့သည့်လူမှုရေးနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အမည်များနှင့်တာဝန်များ -

၁၈။ ချီးမြှင့်ခံရသည့်ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်လက်မှတ်များ

| ချီးမြှင့်ခံရသည့် ကာလ | ချီးမြှင့်သည့်ဘွဲ့/ တံဆိပ်အမျိုးအစား | ဆုတံဆိပ်အမှတ် အမိန့်စာနှင့် ရရှိသည့်ရက်စွဲ |
|---|---|---|
| | | |
| | | |

၁၉။ အပြစ်ပေးခံရခြင်းများ

၂၀။ အခြားတင်ပြလိုသည့်အချက်များ

(ဝန်ထမ်း၏ထိုးမြဲလက်မှတ်)

၂၁။ အထက်ဖော်ပြပါ ဝန်ထမ်း၏ကိုယ်ရေးမှတ်တမ်းနှင့်ပတ်သက်၍ မှန်ကန်စွာဖြည့်သွင်းရေးသားထားပါကြောင်း စိစစ်အတည်ပြုပါသည်။

ရုံးတံဆိပ်

လက်မှတ် ၊

အမည် ၊

အဆင့်/ရာထူး ၊

ရုံး/ဌာန ၊

ရက်စွဲ ။ - - ။

CamScanner

ပုံစံ (၂၁)

ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အမိန့်စာပုံစံ

{ နည်းဥပဒေ ၁၉၁ }

..............................................................

..............................................................

(ဝန်ထမ်းအဖွဲ့အစည်းအမည်)

စာအမှတ်၊....................

ရက်စွဲ၊ ....................

**အမိန့်စာအမှတ် / ခုနှစ်**

၁။ ရှေးဦးစုံစမ်းခဲ့သည့်အကြောင်းကိစ္စ။ (အရေးယူခံရသည့်ဝန်ထမ်း၏ အမည်၊ ရာထူး၊ ဌာနနှင့် ရှေးဦးစုံစမ်းခဲ့သည့်အကြောင်းကိစ္စကို အကျဉ်းချုပ်ဖော်ပြရန်)။

၂။ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့ ဖွဲ့စည်းခြင်း။ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်လေ့လာသုံးသပ်မှုပြုလုပ်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စိစစ်သည့်အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်လိုက်သည်-

ဥက္ကဋ္ဌ

(၁) အမည် ..............................

(၂) ရာထူး ..............................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..............................

အဖွဲ့ဝင် (၁)

(၁) အမည် ..............................

(၂) ရာထူး ..............................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..............................

အဖွဲ့ဝင် (၂)

(၁) အမည် ..............................

(၂) ရာထူး ..............................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..............................

CamScanner

၃။ **တာဝန်သတ်မှတ်ချက်။** ရှေးဦးစုံစမ်းရေးအဖွဲ့၏အစီရင်ခံစာကို စိစစ်သည့် အဖွဲ့သည် မိမိ၏ စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားဖော်ပြချက်၊ ဆုံးဖြတ်ချက်များပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ .................... ထံသို့တင်ပြရမည်-

(အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြရန် လိုအပ်သည့်အချက်များရှိပါက ဤနေရာတွင် အကျဉ်းချုပ်ဖော်ပြရန်)။

၄။ **စာရွက်စာတမ်းများပေးပို့ခြင်း။** စုံစမ်းတင်ပြရမည့်အကြောင်းကိစ္စနှင့်ပတ်သက်သည့် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲပေးပို့ပါသည်-

(ပူးတွဲပေးပို့ရန် စာရွက်စာတမ်းများရှိလျှင်ဖော်ပြရန်)။

၅။ **အစီရင်ခံစာတင်ပြရမည့် နေ့ရက်သတ်မှတ်ချက်။** ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့သည် မိမိ၏အစီရင်ခံစာကို ................................... ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည်။

(လက်မှတ်)
ရာထူး

မိတ္တူကို -

××××××

××××××

CamScanner

ပုံစံ (၂၂)

ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်သည့်

အမိန့်စာပုံစံ

{ နည်းဥပဒေ ၂၀၄ }

.......................................................

.......................................................

(ဝန်ထမ်းအဖွဲ့အစည်းအမည်)

စာအမှတ်၊.....................

ရက်စွဲ၊ .....................

အမိန့်စာအမှတ် / ခုနှစ်

၁။ ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခဲ့သည့်အကြောင်းကိစ္စ။ (အရေးယူခံရသည့်ဝန်ထမ်း၏ အမည်၊ ရာထူး၊ ဌာနနှင့် ဌာနဆိုင်ရာစစ်ဆေးခဲ့သည့်အကြောင်းကိစ္စကို အကျဉ်းချုပ်ဖော်ပြရန်)။

၂။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့ ဖွဲ့စည်းခြင်း။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏အစီရင်ခံစာကိုစိစစ်သုံးသပ်၍ အဆုံးအဖြတ် ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော စိစစ်သည့် အဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်လိုက်သည်-

ဥက္ကဋ္ဌ

(၁) အမည် ..........................................

(၂) ရာထူး ..........................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................

အဖွဲ့ဝင် (၁)

(၁) အမည် ..........................................

(၂) ရာထူး ..........................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................

အဖွဲ့ဝင် (၂)

(၁) အမည် ..........................................

(၂) ရာထူး ..........................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................

CamScanner

၃။ တာဝန်သတ်မှတ်ချက်။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့သည် မိမိ၏စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်၊ မိမိချမှတ်ခွင့်ရှိသော ဆုံးဖြတ်ချက်၊အထက်အဆင့် အကြီးအမှူးထံ တင်ပြရန် လိုအပ်သည့်ပြစ်ဒဏ်မျိုးဖြစ်လျှင်သဘောထား ဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို အမှုတွဲနှင့်အတူ ...................ထံသို့တင်ပြရမည်-

(အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြရန် လိုအပ်သည့်အချက်များရှိပါက ဤနေရာတွင် အကျဉ်းချုပ်ဖော်ပြရန်)။

၄။ စာရွက်စာတမ်းများပေးပို့ခြင်း။ စစ်ဆေးတင်ပြရမည့် အကြောင်းကိစ္စနှင့်ပတ်သက်သည့် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲပေးပို့ပါသည်-

(ပူးတွဲပေးပို့ရန် စာရွက်စာတမ်းများရှိလျှင်ဖော်ပြရန်)။

၅။ အစီရင်ခံစာတင်ပြရမည့် နေ့ရက်သတ်မှတ်ချက်။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သည့်အဖွဲ့သည်မိမိ၏အစီရင်ခံစာကို.................................. ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည်။

(လက်မှတ်)
ရာထူး

မိတ္တူကို -

××××××

××××××

CS CamScanner

ပုံစံ (၂၃)

# အယူခံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အမိန့်စာပုံစံ

{ နည်းဥပဒေ ၂၂၃(က) }

..........................................................

..........................................................

(ဝန်ထမ်းအဖွဲ့အစည်းအမည်)

စာအမှတ်၊.....................

ရက်စွဲ၊ .....................

အမိန့်စာအမှတ် / ခုနှစ်

၁။ အယူခံဝင်သည့်အကြောင်းကိစ္စ။ (အရေးယူခံရသည့်ဝန်ထမ်း၏ အမည်၊ ရာထူး၊ ဌာနနှင့် အယူခံဝင်သည့်အကြောင်းကိစ္စကို အကျဉ်းချုပ်ဖော်ပြရန်)။

၂။ အယူခံအဖွဲ့ ဖွဲ့စည်းခြင်း။ အယူခံမှုကိုစစ်ဆေးရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်း၍တာဝန်ပေးအပ်လိုက်သည်-

ဥက္ကဋ္ဌ

(၁) အမည် ..........................................................

(၂) ရာထူး ..........................................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................................

အဖွဲ့ဝင် (၁)

(၁) အမည် ..........................................................

(၂) ရာထူး ..........................................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................................

အဖွဲ့ဝင် (၂)

(၁) အမည် ..........................................................

(၂) ရာထူး ..........................................................

(၃) ဌာန/ဝန်ထမ်းအဖွဲ့အစည်း ..........................................................

CamScanner

၃။ **တာဝန်သတ်မှတ်ချက်။** အယူခံအဖွဲ့သည် မိမိ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားဖော်ပြချက်/ ဆုံးဖြတ်ချက်များပါရှိသည့် အစီရင်ခံစာကို အယူခံအမှုတွဲနှင့်အတူ ................................... ထံသို့ တင်ပြရမည်-

(အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြရန် လိုအပ်သည့်အချက်များရှိပါက ဤနေရာတွင် အကျဉ်းချုပ်ဖော်ပြရန်)။

၄။ **စာရွက်စာတမ်းများပေးပို့ခြင်း။** စစ်ဆေးတင်ပြရမည့် အကြောင်းကိစ္စနှင့်ပတ်သက်သည့် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲပေးပို့ပါသည်-

(ပူးတွဲပေးပို့ရန် စာရွက်စာတမ်းများရှိလျှင်ဖော်ပြရန်)။

၅။ **အစီရင်ခံစာတင်ပြရမည့် နေ့ရက်သတ်မှတ်ချက်။** အယူခံအဖွဲ့သည် မိမိ၏အစီရင်ခံစာကို ................................... ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရမည်။

(လက်မှတ်)
ရာထူး

မိတ္တူကို -

××××××

××××××

CamScanner

ဇယား (၁)

## ရာထူးသက်သတ်မှတ်ချက်များ

## နည်းဥပဒေ ၃၃

၁။ စာရေးဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်စဉ်းစားရာတွင် အနည်းဆုံးရှိရမည့် ရာထူးသက်

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | စာရေးဝန်ထမ်းအဆင့် (၁) | ၂ နှစ် |
| ၂ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | စာရေးဝန်ထမ်းအဆင့် (၂) | ၂ နှစ် |
| ၃ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | စာရေးဝန်ထမ်းအဆင့် (၃) | ၂ နှစ် |
| ၄ | ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀ | စာရေးဝန်ထမ်းအဆင့် (၄) | ၄ နှစ် |

၂။ ကျွမ်းကျင်ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်စဉ်းစားရာတွင် အနည်းဆုံးရှိရမည့်ရာထူးသက်

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ကျွမ်းကျင်သူအဆင့် (၁) | ၂ နှစ် |
| ၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ကျွမ်းကျင်သူအဆင့် (၂) | ၂ နှစ် |
| ၃ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ကျွမ်းကျင်သူအဆင့် (၃) | ၂ နှစ် |
| ၄ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ကျွမ်းကျင်သူအဆင့် (၄) | ၂ နှစ် |
| ၅ | ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀ | ကျွမ်းကျင်သူအဆင့် (၅) | ၄ နှစ် |

၃။ ပညာရှင်ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးရန်စဉ်းစားရာတွင် အနည်းဆုံးရှိရမည့်ရာထူးသက်

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ပညာရှင်အဆင့် (၁) | ၂ နှစ် |
| ၂ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | ပညာရှင်အဆင့် (၂) | ၂ နှစ် |
| ၃ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ပညာရှင်အဆင့် (၃) | ၅ နှစ် |
| ၄ | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ | ပညာရှင်အဆင့် (၄) | ၃ နှစ် |
| ၅ | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ | ပညာရှင်အဆင့် (၅) | ၃ နှစ် |

CS CamScanner

ဇယား (၁) အဆက်

၄။ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး) များရာထူးတိုးမြှင့်ပေးရန် စဉ်းစားရာတွင် အနည်းဆုံးရှိရမည့် ရာထူးသက်

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၁) | ၂ နှစ် |
| ၂ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၂) | ၅ နှစ် |
| ၃ | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၃) | ၃ နှစ် |
| ၄ | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၄) | ၃ နှစ် |

၅။ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊လူမှုရေး) များ ရာထူးတိုးမြှင့်ပေးရန် စဉ်းစားရာတွင် အနည်းဆုံး ရှိရမည့်ရာထူးသက်-

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့်(၁) | ၅ နှစ် |
| ၂ | ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့်(၂) | ၃ နှစ် |
| ၃ | ၃၀၈၀၀၀-၄၀၀၀-၃၂၈၀၀၀ | စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့်(၃) | ၃ နှစ် |

CamScanner

၆။ ရုံးအကူဝန်ထမ်းများရာထူးတိုးမြှင့်ပေးရန် စဉ်းစားရာတွင် အနည်းဆုံးရှိရမည့် ရာထူးသက် (ပြင်ဆင်)

| စဉ် | လက်ရှိလစာနှုန်း | ဝန်ထမ်းအမျိုးအစား | အနည်းဆုံးရှိရမည့်ရာထူးသက် |
|---|---|---|---|
| ၁ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ရုံးအကူဝန်ထမ်းအဆင့် (၁) | ၁ နှစ် |
| ၂ | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | ရုံးအကူဝန်ထမ်းအဆင့် (၂) | ၁ နှစ် |
| ၃ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ရုံးအကူဝန်ထမ်းအဆင့် (၃) | ၁ နှစ် |

၇။ ဒုတိယညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူရာထူးအဆင့်များ၌ ရာထူးသက် "၂ နှစ်"၊ ညွှန်ကြားရေးမှူးရာထူးနှင့် လစာနှုန်းတူရာထူးအဆင့်များ၌ ရာထူးသက် "၁ နှစ်" ရှိရမည်။

၈။ ဤဇယား (၁) ပါလက်ရှိလစာနှုန်းဖော်ပြချက်များသည် အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်သည့် အဆင့်တူလစာနှုန်းများအတိုင်းဖြစ်သည်။

CamScanner